

# ယာဉ်မောင်းလိုင်စင်ရယူရန် အဆင့်များ

ခွင့်ပြုချက်ရ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ပါမစ် မပါဘဲ ကားမောင်းတာက အနောက်သြစတြေးလျမှာ တရားမဝင်ပါဘူး။ ဒီဥပဒေတွေကို ချိုးဖောက်ရင် ဒဗျူအေ (WA) ရဲက တရားစွဲဆိုတာ၊ တရားရုံးတက်ရတာတွေ၊ ငွေဒဏ်၊ ထောင်ဒဏ်ချခံရတာနဲ့ ထိခိုက်ဒဏ်ရာရသူတွေက တရားစွဲဆိုတာ တွေဖြစ်နိုင်ပါတယ်။

---

အနောက်သြစတြေးလျမှာ ယာဉ်မောင်းလိုင်စင်ရရယူဖို့ အဆင့်၆ဆင့် ရှိပါတယ်။

## အဆင့် ၁
### အမောင်းသင်ခြင်း

- လမ်းစည်းကမ်းနဲ့ပတ်သက်ပြီး သီအိုရီစာမေးပွဲကို နှုတ်ဖြေ သို့မဟုတ် ကွန်ပြူတာနဲ့ဖြေရပါမယ်။
- မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားအနေနဲ့ မွေးစာရင်း၊ နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ သို့မဟုတ် နိုင်ငံသားလက်မှတ် ယူသွားရပါမယ်။
- သင့်ထိုးမြဲလက်မှတ်နဲ့ လက်ရှိအိမ်လိပ်စာတို့ကိုပြဖို့ ဟက်(လ)(သ)ကဲကဒ်ပြား၊ မယ်ဒီကဲကဒ် သို့မဟုတ် ဘဏ်ကဒ်ပြားနဲ့ အခြား စာရွက်စာတမ်း တွေလည်း ယူသွားရပါမယ်။
- ပိုက်ဆံပေးရပါမယ်။ ဒီပိုက်ဆံက သီအိုရီစာမေးပွဲအတွက်နဲ့ စာမေးပွဲအောင်ခဲ့ရင် အမောင်းသင်ပါမစ်တို့အတွက် ဖြစ်ပါတယ်။ လက်တွေ့ကားမောင်း စာမေးပွဲတခုအတွက်လည်းပါပါတယ်။

## အဆင့် ၂
### ယာဉ်မောင်းသင် ပါမစ်

- အတန်းအစားချင်းတူတဲ့ လိုင်စင်ကို ကိုင်ထားတာ အနည်းဆုံး ၄နှစ်ရှိသူတယောက်နဲ့ ကားမောင်းစသင်နိုင်ပါတယ်။
- ကားမောင်းတဲ့အခါ အမောင်းသင်လိုင်စင် ကိုင်ဆောင်ထားရပါမယ်။
- ကားမောင်းသင်နေတဲ့အခါ ကားပေါ်မှာ အမြဲ အယ် "L" အပြားတွေ တပ်ထားရပါမယ်။
- ကားမောင်းနေတဲ့အခါမှာ အရက် မသောက်ထားရဘူး။

## အဆင့် ၃
### လက်တွေ့ယာဉ်မောင်း စာမေးပွဲ

- အသက် အနည်းဆုံး ၁၆နှစ်နဲ့ ၆လ ရှိရပါမယ်။
- စာမေးပွဲဖြေရင် ကားကောင်းကောင်း တစီးနဲ့လက်တွေ့မောင်း ဖြေရမယ်။ အမောင်းသင်ပါမစ်ရတုံးက သင့်ရဲ့ ပထမဆုံး လက်တွေ့ဖြေဖို့ အတွက်က ပေးပြီးသားပါ။ ပထမအကြိမ်နဲ့ မအောင်ရင်နောက်ထပ်ဖြေတိုင်း ပိုက်ဆံထပ်ပေးရပါမယ်။

## အဆင့် ၄
### မှတ်တမ်းစာအုပ်

- လက်တွေ့ကားမောင်းအောင်တဲ့အခါ မှတ်တမ်းစာအုပ်ပေးပါမယ်။
- မှတ်တမ်းစာအုပ် အတွက် ပိုက်ဆံပေးရပါမယ်။
- ကြီးကြပ်သူနဲ့ အတူအနည်းဆုံး ၂၅နာရီ မောင်းရပါမယ်။
- ကြီးကြပ်သူနဲ့ မောင်းတဲ့အခါတိုင်း မှတ်တမ်းစာအုပ်မှာ မှတ်တမ်းတင်ရပါမယ်။
- တရားဝင်မှတ်တမ်းဖြစ်သည့်အတွက် မှတ်တမ်းများအားလုံးကို ဖြောင့်မတ်စွာ ဖြည့်ပြီး ကြီးကြပ်သူရှေ့မှာ လက်မှတ်ထိုးရပါမယ်။
- ကားမောင်းသင်နေတဲ့အခါ ကားပေါ်မှာ အမြဲ အယ် "L" အပြားတွေ ပြထားရပါမယ်။
- ကားမောင်းနေတဲ့ အခါမှာ အရက်မသောက်ရပါဘူး။

## အဆင့် ၅
### အန္တရာယ် စာမေးပွဲ

- ကားမောင်းနေတဲ့အခါ အခက်အခဲများနဲ့ ကြုံတွေ့စဉ် အန္တရာယ်ကင်းစေတဲ့ ဆုံးဖြတ်ချက်တွေချနိုင်လားဆိုတာကို လိုင်စင်မရခင် ကွန်ပျူတာကနေ အစစ်အဆေး ခံချင်ခံရမယ်။
- အသက်၁၇နှစ် ပြည့်ပြီးသူဖြစ်ရပါမယ်။
- မှတ်တမ်းစာအုပ်ထဲမှာ ကြီးကြပ်သူနဲ့၂၅နာရီကြာ ကားမောင်းထားတာ မှတ်တမ်းရေးထားပြီး သင်နဲ့အမောင်းသင်ဆရာ သို့မဟုတ် ကြီးကြပ်ရေးမှူးတို့ လက်မှတ် ထိုးထားရပါမယ်။
- မှတ်တမ်းစာအုပ်နဲ့ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားတွေကို လိုင်စင်ဌာန သို့မဟုတ် လိုင်စင်အေးဂျင့်ဆီ ယူသွားပါ။
- စာမေးပွဲဖြေဖို့ ပိုက်ဆံပေးရပါမယ်။

## အဆင့် ၆
### လိုင်စင်

- အထက်က အဆင့်တွေ အားလုံးပြီးတဲ့အခါနဲ့ စာမေးပွဲတွေ အားလုံးအောင်ပြီးတဲ့အခါ လိုင်စင်ရပါမယ်။
- လိုင်စင်အတွက် ဓာတ်ပုံရိုက်ရပါမယ်။
- လိုင်စင်ရဖို့ ပိုက်ဆံပေးရပါမယ်။
- ကားမောင်းနေတဲ့အခါ အရက်မသောက် ရပါဘူး

Burmese 16/05/2008

Department for Planning and Infrastructure
Government of Western Australia

DRIVE SAFE. ARRIVE SAFE.
SPEED AND RED LIGHT CAMERA FUNDED PROJECT
www.officeofroadsafety.wa.gov.au

အနောက်သြစတြေးလျ လမ်းတွေပေါ်မှာ အသက် မဆုံးရှုံးရဖို့ ရည်ရွယ်ချက်နဲ့ အနောက်သြစတြေးလျ အာမခံကော်မရှင်က ဒီစာတမ်းအတွက် ငွေကြေးထောက်ပံ့ပါတယ်။